# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 5 , 2022 Volume 58, Number 3

၅.၉.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၁၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၈၄.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၉၅.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၁၇.၂ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၇.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၂.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၃၁၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၂၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၇.၄၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၄၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## ရန်ကုန်မြို့၊ သီလဝါအထူးစီးပွားရေးဇုန်၌ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများနှင့်တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြား



https://www.commerce.gov.mm

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့၊ (၁၀:၀၀) နာရီအချိန်တွင် ရန်ကုန်မြို့ရှိ၊ သီလဝါအထူးစီးပွားရေးဇုန်၌ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နေကြသည့် ကုမ္ပဏီများနှင့်တွေ့ဆုံကာ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားနိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတော်အစိုးရပိုင်းမှ ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ အထူးစီးပွားရေးဇုန်များ ဖဟိုလုပ်ငန်းအဖွဲ့နှင့် ရင်းနှီးမြှုပ်နှံသူများ ဆက်လက်ပူးပေါင်း ဆောင်ရွက်ရွက်ရေးအတွက် လိုအပ်သည့်အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သီလဝါအထူးစီးပွားရေးဇုန်အတွင်း မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုခဲ့ပြီး Wilmar Myanmar Limited မှ ပြည်ပသို့ အဆင့်မြင့်ဆန်များ တင်ပို့နိုင်ရေးအတွက် ခေတ်မီဆန်စက်ဖြင့် ကြိတ်ခွဲထုတ်လုပ်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ စားသုံးဆီအဆင့်မြင့် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ဖွဲနုဆီ ထုတ်လုပ်သည့်စက်ရုံ တည်ဆောက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%9B%E1%80%94%E1%80%BA%E1%80%80%E1%80%AF%E1%80%94%E1%80%BA% E1%80%99%E1%80%BC%E1%80%AD% E1%80%AF%E1%80%B7%E1%81%8A-

## ပခုက္ကူကြက်သွန်နီဈေးကွက်အတွင်း လက္ကားတစ်ပိဿာ ၃၂၀၀ ကျပ် ဝန်းကျင်ထိရောက်ရှိပြီး လက်လီဈေးကွက်တွင် တစ်ပိဿာ ၄၀၀၀ ဝန်းကျင် ပေါက်ဈေးရှိ

ပခုက္ကူကြက်သွန်နီ ဈေးကွက်အတွင်း ယခုစက်တင်ဘာ လဆန်းပိုင်းတွင် ကြက်သွန်နီတစ်ပိဿာ ၃၂၀၀ ကျပ်ဝန်းကျင်ထိရောက်ရှိနေပြီး လက်လီဈေးကွက်တွင်

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ကျပ် ၄၀၀၀ နီးပါးထိမြင့်တက်နေကြောင်း ရောင်းဝယ်ရေးလုပ်ကိုင်သူများထံမှသိရသည်။ ကြက်သွန်ဈေးနှုန်း ဆက်တိုက်မြင့်တက်နေသော်လည်း တောင်သူများထံတွင် ကုန်လက်ကျန်နည်းပါးပြီး နယ်မြေမတည်ငြိမ်မှုကြောင့် လာရောက်ရောင်းချသူနည်းပါးကြောင်း ကုန်သည်များထံမှသိရသည်။

ပခုက္ကူကြက်သွန်ဈေးကွက်သို့ ပိဿာချိန် ၃၅၀၀၀ ဝင်ရောက်သည့် စက်တင်ဘာလ ၃ ရက်နေ့ ဈေးကွက်တွင် ဥန်သေးတစ်ပိဿာ ၁၉၀၀ – ၂၂၀၀ ကျပ် ၊ ဥန်လတ်တစ်ပိဿာ ၂၃၀၀ – ၂၆၀၀ ကျပ်နှင့် ဥန်ကြီးတစ်ပိဿာ ၂၇၀၀ – ၃၂၀၀ ကျပ် ပေါက်ဈေးရှိကြောင်းသိရသည်။ “ကြက်သွန်ဈေးက တစ်ပိဿာ ၃၀၀၀ ကျော်တာ တစ်ပတ်လောက်ရှိပြီ။ လက်ရှိလည်း အမြင့်ဈေးမှာပဲရှိတယ်။ အဝယ်ကတော့ မှန်မှန်ရှိတယ်။ ပေါက်ဈေးအတိုင်းရောင်းနိုင်ရင် အရောင်းအဝယ်ဖြစ်တယ်။ တစ်ချို့တောင်သူက လက်ရှိဈေးထက်ပိုလိုချင်လို့ မရောင်းနိုင်တာ အနည်းအကျဉ်းတော့ရှိတယ်။ ချောင်းကြက်သွန်အနေနဲ့က ရာသီသိမ်းခါနီးပြီ။ အသစ်ပေါ်ဖို့ကလည်း ဝေးသေးတော့ လက်ကျန်နည်းကာ အဝယ်များပြီး ဈေးတန်းကမြင့်နေတာ” ဟု ကြက်သွန်ရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးကပြောသည်။ လာမည့်မိုးကုန်ကာလတွင် မြစ်ရေဝင်ကျွန်းမြေများ၌ ကြက်သွန်စိုက်ပျိုးမည့်တောင်သူများမှ မျိုးဥများဝယ်ယူနေခြင်းနှင့် စားသုံးသူများဝယ်ယူမှုများပြားခြင်းကြောင့် လက်လီဈေးကွက်တွင် တစ်ပိဿာ ၄၀၀၀ ကျပ်ထိရှိကြောင်းသိရသည်။ “ကျွန်တော်တို့ မိုးကြက်သွန်သမားက ပျိုးထောင်နေပြီ။ ဥစိုက်ဆိုတော့ ပျိုးထောင်ရမဲ့ ကြက်သွန်ဥကြီးတွေ အဓိက ဝယ်နေရတယ်။ ဈေးကွက်ထဲလည်း သိပ်မပေါ်ဘူး။ လက်ရှိဈေးက ကောင်းတော့ စိုက်မဲ့သူများတယ်။ ပျိုးဈေးကြီး မြေသြဇာဈေးကြီးပေမဲ့ ကြက်သွန်ဈေးကောင်းနေတော့ မိုးကြက်သွန်က စိုက်ကြမှာပါ” ဟု ကျွန်းစိုက်ပျိုးရေး လုပ်ကိုင်သူတစ်ဦးကပြောသည်။

ပြီးခဲ့သည့် ၂၀၂၀ ခုနှစ်မှ ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းထိ ချောင်းကြက်သွန်နှင့် မိုးကြက်သွန်မှာ တစ်ပိဿာ ၇၀၀ ကျပ်အောက်ဖြင့် ရောင်းချခဲ့ရသည့်အတွက် တောင်သူများစိုက်ပျိုးစရိတ်ဆုံးရှုံးမှု များပြားကြောင်းသိရသည်။ ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ယခုနှစ် နှစ်လယ်ပိုင်းမှစ၍ ကြက်သွန်ဈေးနှုန်း ဆက်တိုက်မြင့်တက်ခဲ့သော်လည်း ကြက်သွန်စိုက်ပျိုးသည့် နယ်မြေများတွင် မတည်ငြိမ်မှုဖြစ်ပေါ်နေပြီး စိုက်ပျိုးရေးလုပ်ကိုင်ရန် အခက်အခဲများ ကြုံတွေ့နေကြောင်း သိရသည်။

**Source:** https://news-eleven.com/article/236793

## နိုင်ငံခြားငွေဈေး မြင့်တက်မှုကြောင့် တရုတ်-မြန်မာနယ်စပ်မှ ကုန်သည်များ ကုန်သွယ်မှုအခက်အခဲရှိနေဟုဆို

နိုင်ငံခြားငွေဈေး မြင့်တက်နေမှုကြောင့် တရုတ်-မြန်မာနယ်စပ်မှ ကုန်သည်များအနေဖြင့် ကုန်သွယ်မှုအခက်အခဲများ ရှိနေသည်ဟု တရုတ်-မြန်မာနယ်စပ်မှ ကုန်သည်များ၏ ပြောကြားချက်အရ သိရသည်။

ယခင်က တရုတ်ယွမ်ငွေ တစ်ယွမ်လျှင် ကျပ် ၂၇၀ မှ ၃၅၀ အထိရှိရာမှ စက်တင်ဘာလ ပထမပတ်၌ တစ်ယွမ် ကျပ် ၅၈၀ အထိရှိသည်။ “ငွေဈေးတွေတက်နေတော့ လောလောဆယ်အလုပ်လုပ်ရတာ အခက်အခဲတွေတော့ရှိတာပေ့ါ။ အရင်ကတည်းက တင်ထားတဲ့ကားတွေရှိတယ်မို့လား။ ကားတွေက ဒီဘက်ရောက်လာရင် အကုန်တင်စရာရှိတာတင်ပြီး ထွက်ရမှာပဲလေ။ မဟုတ်ရင် တရုတ်ငွေဈေးပြောင်းလဲမှုရှိရင် ကုန်သည်တွေလည်း အခက်အခဲရှိတယ်လေ။ သူကတော့ ကားအသွားအလာတော့ရှိမှာပေ့ါ။ ဒါပေမဲ့ တချို့ကုန်သည်တွေကတော့ တော်ရုံတန်ရုံတော့ ဘယ်ထုတ်တော့မှာတုန်း။ သွားမဝယ်နိုင်တော့ဘူးလေ။ အရင်က ဒါသူ့ရဲ့အရှိန်လေးရှိတာတော့ရှိမှာပေ့ါ။ တရုတ်ဘက်ကနေ မြန်မာဘက်ထွက်တဲ့ ကုန်သည်တော့ အများကြီးရှိသေးတာပဲ။ ဟိုဘက်မှာ တရုတ်ကားတွေလည်း တန်းစီနေတာ ရှိသေးတယ်။ အရင်ကတည်းက ဝယ်ထားပြီးတော့ အခုမှတရုတ်ငွေနဲ့ ပေးရမယ်ဆိုရင်တော့ အဲဒီကုန်သည်အတွက် မကိုက်ဘူး။ အဲဒီမှာက ငွေဈေးကြီးက ဘယ်လိုမှမဖြစ်သင့်တဲ့ငွေဈေးလေ။ တအားကြီးကိုမြောက်တက်သွားတာ’’ဟု တရုတ်-မြန်မာနယ်စပ်မှ ကုန်သည်တစ်ဦးဖြစ်သူ ဦးအောင်က ပြောကြားသည်။

လတ်တလောတွင် တရုတ်-မြန်မာနယ်စပ်ဂိတ်ပေါက်ဖြစ်သည့် (၁၀၅ မိုင်)ဂိတ်တွင် ကုန်သွယ်မှုတုံ့ဆိုင်းသကဲ့သို့ ဖြစ်ခဲ့သည်ဟုသိရသည်။ ထိုသို့ဖြစ်ရခြင်းမှာ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ကုန်သွယ်ရာတွင် မြန်မာငွေကြေးကျဆင်းပြီး တရုတ်ယွမ်ငွေ မြင့်တက်နေခြင်းကြောင့်ဖြစ်သည်ဟု ကုန်သည်များထံကသိရသည်။ “တုံ့ဆိုင်းတယ်ဆိုတာက စရိတ်တွေများတာရယ်၊ စနစ်ပေါ်လစီအပြောင်းအလဲတွေနဲ့ ကျွန်တော်တို့ဒေသက ပေါ်လစီနဲ့လုပ်ရကိုင်ရတာခက်တာ။ အခုငွေဈေး

တအားတက်လို့ အိတ်စိပ်ပို့လည်း ကိုက်တယ်မထင်နဲ့မကိုက်ဘူး။ ကျွန်တော်တို့ဘဏ်တွေကပေးတာ ၃၉၀ ကျော်ပဲ သတ်မှတ်ပေးထားတာလေ” ဟု ကုန်သည် ကိုသန်းကပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံဘက်၌ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များနှင့် ကုန်တင်ယာဉ်အချို့မှာ တရုတ်နယ်စပ်ဂိတ်မှစတင်၍ မန္တလေးရောက်သည်အထိ ကုန်တင်ကားတစ်စီးလျှင် အမှန်တကယ်ကုန်ကျငွေထက် မလိုလားအပ်သော အပိုကုန်ကျငွေ သိန်း ၂၀ မှ ၂၅ သိန်းရှိနေကြောင်း ကုန်တင်ယာဉ်မောင်းများနှင့် ကုန်သည်လုပ်ငန်းရှင်များက ပြောကြားသည်။

လတ်တလောတွင် တရုတ်ဘက်မှ တရုတ်နိုင်ငံနယ်စပ်အတွင်း စစ်ဆေးရေးကားကွင်းများကို လျှော့ချနေပြီး တရုတ်ဘက်မှ ကောက်ခံသည့်နှုန်း မြင့်တက်နေကာ လာဘ်စားမှုများ ရှိနေသည်ဟု သတင်းများထွက်ပေါ်ချက်အရ တရုတ်ဘက်၌ စစ်ဆေးမှုများပြုလုပ်နေသည်။ ယခင်က မြန်မာနိုင်ငံမှကုန်ကားများ တရုတ်ဘက်သို့ဝင်ပါက တရုတ်အကောက်ခွန်ကွင်း အတွင်း မစစ်ဆေးမီ ဘီယာစက်ရုံကွင်းအတွင်းရှိ ကားကွင်းတွင်ရပ်ထားကာ ပိုးသတ်ဆေးဖျန်းပြုလုပ်ရပြီး အကောက်ခွန် စစ်ဆေးသည့်နေရာသို့ သွားရသည်ဟုသိရသည်။ ယခုအခါ ထိုသို့မရပ်နားရတော့ဘဲ ဝင်ခွင့်ရခဲ့သည်ဟု ကုန်သည်များက ဆိုသည်။

တရုတ်ဘက်ဝင်သည့် ကုန်ကျစရိတ်မှာ ယွမ် ၂၁၀၀ ခန့် ကုန်ကျရာမှာ ယခုအခါ ကျင်ဆန်းကျော့ဘက်တွင် ယွမ် ၁၈၀၀ ခန့်သာ ကုန်ကျကာ ယွမ်၃၀၀ခန့် ကုန်ကျစရိတ်သက်သာသွားသည်ဟု ကုန်သည်များထံကသိရသည်။ “အခုတော့ တရုတ်နိုင်ငံဘက်က သူတို့ဆီမှာ ကုန်ကျစရိတ်တွေလျှော့ချတဲ့အနေနဲ့ အဲဒီမှာ မရပ်ခိုင်းတော့ဘူးပေါ့။ မလိုအပ်တဲ့ကွင်းတွေမှာ မရပ်ခိုင်းတော့တဲ့အတွက် အရင်ရက်က ဝင်ထားတဲ့ကား အဝင်ရှင်းရတာတစ်ချက်နဲ့ ကားအဝင်က နည်းနည်းနည်းသွားတာပေါ့။ ကားကွင်းချောင်ရင် ချောင်သလို ချက်ချင်းတက်လို့ရတယ်လေ။ အခုကျတော့ အဲဒီလိုမဟုတ်တော့ဘဲ ကားကွင်းတွေကို လျှော့လိုက်တဲ့သဘောမျိုးပေါ့။ အဲဒီလိုဆိုတော့ ကုန်ကျစရိတ် နည်းနည်းသက်သာသွားမှာပေါ့။ အရင်က တရုတ်ဘက် ကို ဝင်တဲ့စရိတ်က ၂၁၀၀ လောက်ကုန်တယ်။ ကျင်စန်းကျော့ပေါက်က ၂၁၀၀ လောက်ကုန်တော့ တရုတ်ဘက်က စစ်ဆေးရေးအဖွဲ့တွေဝင်နေတယ်”ဟု ကိုသန်းကပြောကြားသည်။

စက်တင်ဘာ ၂ ရက်တွင် မြန်မာနိုင်ငံမှ ပို့ကုန်ကုန်တင်ယာဉ် ၃၉ စီး၊ တရုတ်နိုင်ငံမှ သွင်းကုန်ကုန်တင်ယာဉ် ၅၃ စီး ဝင်ရောက်ခဲ့သည်ဟု သိရသည်။

**Source:** https://news-eleven.com/article/236849

## ကိုရီးယား-မြန်မာစက်မှုမြို့ KMIC Industrial Complex အား နိုင်ငံတကာအဆင့်မီ စက်မှုမြို့ဖြစ်လာစေရေး KMIC စက်မှုဇုန်ထူထောင်ရေး ဦးဆောင်ညှိနှိုင်းကော်မတီကို ပြင်ဆင်ဖွဲ့စည်း

ကိုရီးယား-မြန်မာစက်မှုမြို့ KMIC Industrial Complex အား ဒေသတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် နိုင်ငံတကာအဆင့်မီ စက်မှုမြို့ဖြစ်လာစေရေးအတွက် KMIC စက်မှုဇုန်ထူထောင်ရေး ဦးဆောင်ညှိနှိုင်းမှုကော်မတီကို ပြင်ဆင်ဖွဲ့စည်းကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁၂၁/၂၀၂၂) ဖြင့် ဇူလိုင် ၁၇ ရက်က ထုတ်ပြန်ထားသည်။

အဆိုပါကော်မတီကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဖွဲ့ဝင် (၁၂) ဦး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ပြင်ဆင်ဖွဲ့စည်းလိုက်သည့် KMIC စက်မှုဇုန်ထူထောင်ရေးဦးဆောင်ညှိနှိုင်းမှု ကော်မတီအနေဖြင့် မြန်မာ-ကိုရီးယားဖက်စပ်ထူထောင်သည့် KMIC စီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးစီးဆောင်ရွက်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် လိုအပ်သော ခွင့်ပြုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ လုပ်ငန်းများချောမွေ့စေရေး စီမံဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

KMIC ဇုန်အတွင်း လိုအပ်သောအခြေခံအဆောက်အအုံ (လမ်း၊ ရေပေးရေး၊ လျှပ်စစ်၊ မီးဆက်သွယ်ရေး) စသည့် ဖြန့်ဖြူးရေးလုပ်ငန်းများ ပြည့်စုံစွာလည်ပတ်စေရေး စီမံကွပ်ကဲဆောင်ရွက်ပေးရန်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြင့်စေမည့် သွင်းကုန်အစားထိုးရေးနှင့် ပို့ကုန်တိုးမြှင့်ရေးစက်မှုလုပ်ငန်းများ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို အားပေးဆောင်ရွက်သွားရန်ဖြစ်သည်။

KMIC စက်မှုဇုန်တွင် Bonded Area သတ်မှတ်၍ သွင်းကုန်၊ပို့ကုန်နှင့် အကောက်ခွန်လုပ်ငန်းများ စနစ်တကျရှိစေရေး ဆောင်ရွက်သွားရန်ဖြစ်သည်။ KMIC ဇုန်တွင် လာရောက်နေထိုင်သော နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ၊ ကျွမ်းကျင်လုပ်သားများနှင့်ပညာရှင်များ၊ ၎င်းတို့၏ မိသားစုဝင်များ နေထိုင်ခွင့်ရရှိစေရေးနှင့် ပြည်တွင်းခရီးသွားလာရေးတို့အတွက် လိုအပ်သည်များကို အဆင်ပြေချောမွေ့မှု ရှိစေရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်ဖြစ်သည်။ KMIC ဇုန်တွင် ကျူးကျော်ခြင်း၊ ခွင့်ပြုချက်မရဘဲ အဆောက်အဦးဆောက်လုပ်ခြင်း ၊ လမ်းဖောက်ခြင်းများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်း၍ အရေးယူဆောင်ရွက်ရန်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ရင်းနှီးတည်ဆောက်မှုဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ရေး၊ မြေအသုံးပြုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငွေရေးကြေးရေး၊ အခွန်အခ၊ စည်ပင်သာယာရေး၊ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေးနှင့် မီးဘေးလုံခြုံရေးစသည့် KMIC ဇုန် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို လမ်းညွှန်ခြင်းနှင့်ပေါင်းစပ်ညှိနှိုင်း စီစဉ်ဆောင်ရွက်ရန်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၉ ရက်တွင် Korea-Myanmar Industrial Complex စီမံကိန်းအပိုင်း(၁) တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခဲ့သည်။ အပိုင်း(၁)တည်ဆောက်ရေးလုပ်ငန်းများသည် စုစုပေါင်းဧရိယာ ၅၅၆ ဧကမှ ၃၁၅ ဧကအား အကောင်အထည်ဖော်မည်ဖြစ်သည်။ တည်ဆောက်ရေး ကာလကြာချိန် ၂၄ လဖြစ်ပြီး ခန့်မှန်းတွက်ချက်မှုပမာဏအရ ဒေါ်လာ ၂၇ သန်းခန့် ကုန်ကျနိုင်ကြောင်း KMIC Developmentက ထုတ်ပြန်ထားသည်။

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်ရှိ မြေဧက ၅၅၀ ကျော်ပေါ်၌ မြန်မာ-ကိုရီးယား ပူးပေါင်းဖွဲ့စည်းထားသည့် KMIC က ဒေါ်လာ သန်း ၁၂၀ ရင်းနှီးမြှုပ်နှံမည့် နိုင်ငံတကာအဆင့်မီစက်မှုဇုန်စီမံကိန်းကို လာမည့် ၂၀၂၅ ခုနှစ်တွင် အပြီးတည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှသိရသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်သင်တန်းကျောင်း၊ မြေဧရိယာ ၅၅၅ ဒသမ ၈၁ ဧကပေါ်တွင် KMIC Industrial Complex စီမံကိန်းဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် Korea Land and Housing Corporation တို့အကြား ဖက်စပ်လုပ်ငန်းသဘောတူစာချုပ်ကို ၂၀၁၉ ခုနှစ်ဩဂုတ် ၇ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှသိရသည်။

**Source:** https://news-eleven.com/article/236815

## တရုတ်ပြည် ငှက်ပျောသီးဈေးကွက် နွေကာလအရောင်းကျ

တရုတ်ပြည် ငှက်ပျောသီးဈေးကွက်တွင် မတ်၊ ဧပြီလနှင့်မေလတို့တွင် ငှက်ပျောတင်သွင်းမှု အမြင့်မားဆုံးဖြစ်ပြီး လစဉ်ပျမ်းမျှ တန်ချိန် ၂၁၀,၀၀၀ ခန့် ရှိသည်။ တရုတ်နိုင်ငံတွင် နွေရာသီသည် ဇွန်လမှစတင်ပြီး ဩဂုတ်လအထိ ဖြစ်သည်။ နွေရာသီတွင် တရုတ်ပြည် ငှက်ပျောသီးဈေးကွက်မှာ ရောင်းအားကျသည်။ နွေရာသီသည် ရောင်းအားကျချိန်ဖြစ်သည်။ ဇွန်နှင့်ဇူလိုင်တွင် ရောင်းအားအကျဆုံးဖြစ်သည်။ ဩဂုတ်လတွင် ဦးပြန်မော့သည်။ ပြည်ပမှ ငှက်ပျောသီးများတင်သွင်းမှု စတင်များပြားလာသည်။

Covid-19 ကပ်ရောဂါကာလအတွင်း ကုန်သွယ်ရေးဆိပ်ကမ်းများဖြစ်သည့် Mohan (လာအို) နှင့် Houqiao (မြန်မာ) တို့ မကြာခဏပိတ်ထားသည်။ လက်ရှိတွင် အလုပ်ဖွင့်ထားချိန်နှင့် ကုန်သွယ်မှုမှာ ပုံမှန်တည်ငြိမ်နေသည်။ ဇူလိုင်လတွင် တရုတ်နိုင်ငံသို့ ငှက်ပျောအများဆုံးရောင်းချသည့်နိုင်ငံမှာ ဖိလစ်ပိုင်ဖြစ်ပြီး ၎င်းနောက်တွင် ကမ္ဘောဒီးယားနှင့် အီကွေဒေါတို့ ရှိနေကြသည်။

ယခုနှစ် ပထမနှစ်ဝက်တွင် အီကွေဒေါငှက်ပျောသီးတင်ပို့မှုပမာဏသည် ယခင်နှစ်ထက် သိသိသာသာလျော့နည်းခဲ့သည်။ ကွန်တိန်နာများ အဆက်မပြတ် ပြတ်လပ်မှုနှင့် အခြားစားသုံးကုန် ကုန်ကျစရိတ်များ မြင့်တက်လာခြင်းအပြင် ထုတ်လုပ်မှုကျဆင်းခြင်းကြောင့် ငှက်ပျောပို့ကုန် လျော့ကျခဲ့သည်။

တရုတ်ပြည်တွင်း ငှက်ပျောသီးကို Guangdong နှင့် Guangxi တို့ထံမှရရှိသည်။ နွေရာသီသည် ပုံမှန်အားဖြင့် တရုတ်နိုင်ငံတွင် ငှက်ပျောသီးစားသုံးမှု လျော့ကျသဖြင့် အရောင်းအေးသည်။ ဆောင်းဦးတွင် ရောင်းအားပြန်တက်သည်။

ယူနန်ငှက်ပျောသီးကို အောက်တိုဘာလနှောင်းပိုင်းမှ ဈေးကွက်ထဲသို့ စတင်ရောက်ရှိလာသည်။

Source: freshplaza

https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese.html

## ထိုင်းနိုင်ငံ ပြည်တွင်းပုစွန် ဈေးနှုန်းမကျစေဘဲ ပြည်ပမှ ပုစွန်တင်သွင်းခြင်းဖြစ်ကြောင်း ပြောကြား


https://www.foodindustrydirectory.com.mm

ပုစွန်များ ပြုပြင်ထုပ်ပိုးခြင်းလုပ်ငန်းကဏ္ဍကို ကူညီရန် လတ်လတ်ဆတ်ဆတ်ပုစွန်များ ယာယီတင်သွင်းရန် ဆုံးဖြတ်ချက်သည် ပြည်တွင်းပေါက်ဈေးနှုန်းများအပေါ် သက်ရောက်မှုရှိမည်မဟုတ်ကြောင်း ပုဇွန်ဘုတ်အဖွဲ့ Shrimp Board က ပြောသည်။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြောင့် ဈေးနှုန်းများမတည်မငြိမ် အတက်အကျများလာသော်လည်း ပြည်တွင်းပုစွန်ဈေးနှုန်းများ ယမန်နှစ်ကတည်းက ကောင်းမွန်နေကြောင်း၊ ပုစွန်ဈေးနှုန်းများသည် အာမခံချက်ပေးသည့်စနစ်ဖြင့် ဈေးနှုန်းမြှင့်တင်ပေးခဲ့သဖြင့် တစ်ကီလိုဂရမ်လျှင် ၁၁ ဘတ်မှ ၂၀ ဘတ်အထိရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနအကြီးအကဲ Chalermchai Suwannarak က သောကြာနေ့ (စက်တင်ဘာလ ၂ ရက်)တွင် မီဒီယာများကို ပြောကြားခဲ့သည်။

ပုစွန်များ ပြည်ပမှတင်သွင်းမည့်ဆောင်ရွက်ချက်ကို ပုစွန်မွေးမြူရေးအသင်းများနှင့် လက်ကားရောင်းချသူများ အပါအဝင် သက်ဆိုင်သူအားလုံးက တင်သွင်းရန် သဘောတူညီခဲ့ကြောင်း ၎င်းကဆိုသည်။ ကပ်ရောဂါကြောင့် ပုစွန်မွေးမြူရေးခြံများပိတ်သွားသဖြင့် ထုတ်လုပ်မှု ၅၅ ရာခိုင်နှုန်း ကျဆင်းသွားကာ အရည်အသွေးညံ့သော ပုစွန်များသာကျန်ရှိကြောင်း၊ ယခုအခါ ပုစွန်ထောက်ပံ့မှုပြတ်လပ်နေကြောင်း မစ္စတာ Chalermchai ကပြောကြားသည်။ "ပုစွန်ပေါက်ဈေးကို အာမခံချက်ရှိပြီးသားဖြစ်လို့ ပြည်တွင်းပုစွန်ဈေးနှုန်းများကို ထိခိုက်မှုမရှိစေရဘူးလို့ သုံးပွင့်ဆိုင် ဘုတ်အဖွဲ့ကဆုံးဖြတ်ခဲ့တာပါ" ဟု ၎င်းကဆိုသည်။ "ဈေးနှုန်းအာမခံချက်က အစိုးရဆီက ပိုက်ဆံမတောင်းဘဲဆောင်ရွက်တာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ အစိုးရထံမှအစား ထောက်ပံ့ကြေးကို ပုဂ္ဂလိကကဏ္ဍကနေ ရယူပါတယ်" ဟု ၎င်းကဆိုသည်။

ပြည်ပမှ ပုစွန်တင်သွင်းသည့် ဆောင်ရွက်ချက်သည် ယာယီမျှသာဖြစ်ပြီး ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိသည့်အခါ ရပ်ဆိုင်းမည်ဖြစ်ကြောင်း ၎င်းက အခိုင်အမာ ပြောကြားပါသည်။ ငါးလုပ်ငန်းဦးစီးဌာန၏အဆိုအရ ယခုနှစ်တွင် အီကွေဒေါနှင့် အိန္ဒိယနိုင်ငံတို့မှ လတ်ဆတ်သော ပုစွန် ၁၀,၅၀၁ တန်ကို စားသောက်ကုန် ပြုပြင်ထုပ်ပိုး ထုတ်လုပ်ရေး လုပ်ငန်းများမှ တင်သွင်းခဲ့ကြောင်းသိရသည်။ ယခုနှစ် ပထမနှစ်ဝက်တွင် ပြည်တွင်းပုစွန်အထွက်နှုန်းမှာ ၁၃၈,၇၃၂ တန် ဖြစ်သည်။

ပြည်တွင်းပေါက်ဈေးကို ထိန်းသိမ်းရန်အတွက် အာမခံချက်အစီအစဉ်ကို ပြီးခဲ့သည့်အောက်တိုဘာလတွင် စတင်ခဲ့ပြီး ဈေးကွက်ပေါက်ဈေးတွင် တစ်ကီလိုလျှင် ၆.၃၂~၁၂.၇၀ ဘတ်နှင့် မွေးမြူရေးသမားများအတွက် တစ်ကီလိုလျှင် ၁၁.၈၅~၂၀.၆၄ ဘတ်အထိ တိုးမြှင့်ပေးခဲ့သည်။

စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနသည် ပုစွန်မွေးမြူရေးလုပ်ငန်းကို ပြန်လည်အသက်သွင်းရန်နှင့် ၂၀၂၃ ခုနှစ်တွင် နှစ်စဉ်အထွက်နှုန်း တန်ချိန် ၄၀၀,၀၀၀ သို့ ပြန်လည်ရောက်ရှိရန် ရှင်းလင်းပြတ်သားသော မူဝါဒရှိကြောင်း ၎င်းကပြောကြားပါသည်။

**Source: Bangkokpost**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/4943-shrimp-imports.html

## အိန္ဒိယဆန် ဈေးအမြင့်ဆုံး၊ ထိုင်းဆန် ဈေးကျ၊ ဗီယက်နမ်ဆန် အရောင်းပိတ်ထား



https://www.foodindustrydirectory.com.mm

ဆန်အများဆုံး တင်ပို့သောနိုင်ငံဖြစ်တဲ့ အိန္ဒိယပို့ကုန်ဆန်ဈေးနှုန်း တစ်နှစ်ကျော် ကာလအတွင်း အမြင့်ဆုံးသို့ရောက်ရှိပါတယ်။ အိန္ဒိယဆန် အမျိုးအစားတချို့ကို ပြည်တွင်းဖူလုံရေးအတွက် ပြည်ပတင်ပို့မှု ပိတ်ပင်ဖွယ်ရှိတယ်လို့ ထင်ကြေးများကြောင့် အဝယ်များလာတဲ့အလျောက် ဆန်ဈေးမြင့်တက်ပါတယ်။

အိန္ဒိယဆန် ၅%ဆန်ကွဲပါ ပေါင်းဆန် အမျိုးအစား <RI-INBKN5-P1> ယခင်သီတင်းပတ် ခေါ်ဈေး တစ်တန် $366-$372 ရှိပြီး ယခုသီတင်းပတ်မှာ $379 ~$387 ဖြစ်လာပါတယ်။ ၂၀၂၁ ဇွန်လနောက်ပိုင်း အမြင့်ဆုံး ဈေးနှုန်း ဖြစ်ပါတယ်။ အိန္ဒိယဆန် တစ်ပတ်ထက်တစ်ပတ် ဈေးတက်လာတာ ၃ ပတ်ဆက်တိုက်ရှိပါပြီ။

အိမ်နီးနားချင်း ဘင်္ဂလားဒေ့ရှ်မှာ မိုးကြောင့် စပါးခင်းများ ပျက်ထားလို့ အိန္ဒိယ ပေါင်းဆန် တန်ချိန် ၁ သိန်းကို အစိုးရချင်း သဘောတူစာချုပ်ဖြင့် ဝယ်ယူမယ့် ဝယ်လိုအားကလည်း အိန္ဒိယပေါင်းဆန်ဈေးနှုန်းကို ဆွဲတင်ပေးပါတယ်။ ဘင်္ဂလားဒေ့ရှ် အစိုးရက ဗီယက်နမ်မှ ပေါင်းဆန် တန်ချိန် ၂ သိန်းနှင့် ဆန်ဖြူ ၃ သောင်း တင်သွင်းပါမယ်။ မြန်မာနိုင်ငံမှ ဆန် တန်ချိန် ၂ သိန်း တင်သွင်းပါမယ်။

အိန္ဒိယအစိုးရက ၁၀၀% ဆန်ကွဲတင်ပို့မှုကို ကန့်သတ်ရန် သို့မဟုတ် ပိတ်ပင်ရန် ချိန်ဆနေပါတယ်။ ဆန်ဖြူကတော့ အမြောက်အမြား လက်ကျန်ရှိနေသေးလို့ ဈေးနှုန်းငြိမ်နေပါတယ်။

. ထိုင်းဆန် ၅% ဆန်ကွဲပါ <RI-THBKN5-P1> အမျိုးအစား ယခင်သီတင်းပတ်မှာ တစ်တန် $416-$420 ခေါ်ဈေးရှိခဲ့ပြီး ယခုသီတင်းပတ်မှာ $415-$416 သို့ ကျဆင်းခဲ့ပါတယ်။ အရှေ့အလယ်ပိုင်းဒေသမှ အမှာစာများရရှိသော်လည်း ပမာဏမများ ချေ။ အာဖရိကမှ ပေါင်းဆန်အတွက် အမှာစာများရရှိပါတယ်၊ ဆန်ဖြူမှာ ပုံမှန်ရောင်းအားမျှသာရှိပါတယ်။ ဗီယက်နမ်နိုင်ငံတွင် အမျိုးသားနေ့ အားလပ်ရက်ကာလဖြစ်သဖြင့် ဆန်အရောင်းအဝယ်များ အလုပ်ပိတ်ထားသဖြင့် အရောင်းပိတ်ထားပါတယ်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4932-asia-rice-weekly.html

## မလေးရှား ကြက်သား ပြည်ပတင်ပို့ရန် စတင်ခွင့်ပြုမည့်လ အတည်ပြုပြောကြား

မလေးရှားနိုင်ငံသည် စက်တင်ဘာလတွင် ပြည်ပသို့ ကြက်သားတင်ပို့မှု ခွင့်ပြုပေးမည်မဟုတ်ဘဲ အောက်တိုဘာလတွင် ကြက်သားတင်ပို့မှု တားမြစ်ချက်ကို ရုတ်သိမ်းမည်ဟု အတည်ပြုပြောကြားသည်။ ထိုသို့တင်ပို့ခွင့် ပြန်လည်ခွင့်ပြုမည် ဖြစ်သော်လည်း ပြည်တွင်းစားသုံးမှုအတွက် ထိခိုက်မှုမဖြစ်စေရန်အတွက် မွေးမြူရေးခြံအချို့ကိုသာ တင်ပို့ခွင့်ပြုမည် ဖြစ်သည်။

ကုန်ဈေးနှုန်းကြီးမြင့်မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ Annuar Musa က မကြာသေးမီလများအတွင်း နိုင်ငံအတွင်း ကြက်သားပိုလျှံနေခြင်းကြောင့် ပြည်ပသို့တင်ပို့ခွင့်ပြုရန် ပြည်တွင်းနှင့် နိုင်ငံတကာလုပ်ငန်းရှင်များ၏ တောင်းဆိုချက်များကို အစိုးရက လက်ခံသဘောတူခဲ့ကြောင်း ဩဂုတ်လကုန်ပိုင်းတွင် ပြောကြားခဲ့သည်။ "ပြည်တွင်းမှာ တစ်စထက် တစ်စ ကြက်သား နည်းနည်းပါးပါးပိုလျှံလာနေပေမယ့်လည်း ပြည်တွင်းစားသုံးမှုကို ဦးစားပေးအနေနဲ့ ဆက်လက်ဆောင်ရွက်ရမယ်လို့ အစိုးရအဖွဲ့က ဆွေးနွေးပြီး ဆုံးဖြတ်ခဲ့ပါတယ်။ နည်းနည်းပါးပါး ပိုလျှံတာက ပြည်တွင်းစားသုံးသူတွေအတွက် ကြက်သားဈေးနည်းနည်းကျအောင် ထောက်ကူပေးနိုင်ပါတယ်" ဟု သတင်းထောက်များအား ၎င်းက ပြောကြားခဲ့သည်။

ပြည်ပတင်ပို့ရန်အတွက်သာ ကြက်မွေးမြူသော လုပ်ငန်းအချို့ကိုသာ ကြက်သား ပြည်ပသို့ တင်ပို့ခွင့် ပြုမည်ဟု ၎င်းက ပြောကြားခဲ့သည်။ တင်ပို့ခြင်းမပြုမီ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာစက်မှုလုပ်ငန်း ဝန်ကြီးဌာနထံမှ ဦးစွာခွင့်ပြုချက်ရယူရန် လိုအပ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ပြည်တွင်းစားသုံးသူများအတွက် တစ်လလျှင် ကြက်ကောင်ရေ သန်း ၇၀ ရရှိနေကြောင်း သေချာစေရန်အတွက် လုပ်ငန်းအဖွဲ့မှ အနီးကပ် စောင့်ကြည့်မည်ဖြစ်သည်။

မလေးရှားနိုင်ငံသည် ပြည်ပသို့ ကြက်တင်ပို့မှု မပိတ်ပင်ခင်က တစ်လလျှင် ကြက်ကောင်ရေ ၃.၆ သန်း တင်ပို့ခဲ့ပါသည်။ ပြည်ပတင်ပို့မှု၏ သုံးပုံတစ်ပုံကို အိမ်နီးနားချင်းနိုင်ငံဖြစ်သော စင်ကာပူနိုင်ငံသို့တင်ပို့သည်။ တန်ချိန်အားဖြင့် တစ်နှစ်လျှင် တန်ချိန် ၇၃,၀၀၀ တင်ပို့သည်။ စင်ကာပူသည် ကြက်သားကို ဘရာဇီးနိုင်ငံမှ အများဆုံးတင်သွင်းပြီး မလေးရှားနိုင်ငံမှ ဒုတိယ အများဆုံးတင်သွင်းပါသည်။

မလေးရှားနိုင်ငံက ဇွန်လ ၁ ရက်တွင် ပြည်ပသို့ ကြက်သားတင်ပို့ရောင်းချမှု စတင်ပိတ်ပင်ခဲ့ပါသည်။ ပြည်တွင်းဈေးကွက်တွင် ကြက်သား ပြတ်လပ်မှုများ ပေါ်ပေါက်ခဲ့ပြီး ဈေးသည်များက အစိုးရသတ်မှတ်ပြဋ္ဌာန်းထားသည့် ဈေးနှုန်းထက် ကျော်လွန်နေသော ဈေးနှုန်းများဖြင့် ရောင်းချနေကြသဖြင့် ပြည်ပသို့ ကြက်သားတင်ပို့ရောင်းချမှု ပိတ်ပင်ထားခြင်း ဖြစ်ပါသည်။ ပြီးခဲ့သည့် ဇူလိုင်လ ၁ ရက်မှ ဩဂုတ်လ ၃၁ ရက်အထိ သတ်မှတ်ဈေးနှုန်းမှာ ရင်းဂစ် ၉.၄၀ ဖြစ်ပါသည်။

ကြက်သားတင်ပို့မှုကို အလုံးစုံ ပိတ်ပင်ထားခဲ့ရာမှ မွေးမြူရေးကြက်မဟုတ်သည့် 'ရွာကြက်' (kampung chicken) နှင့် ကြက်နက် (black chicken) တို့ကို ပြည်ပတင်ပို့ရန် ခွင့်ပြုခဲ့ပါသည်။ ကျေးလက်ဒေသတွင် ရွာကြက်သည် အလေ့ကျလွှတ်ထားပြီး မွေးမြူသော ကြက်များဖြစ်ပြီး တရုတ်ရိုးရာ ကြက်ဆီထမင်း ချက်ပြုတ်ရာတွင် အသုံးပြုပါသည်။ စင်ကာပူမှ ကြက်ဆီထမင်း စားသောက်ဆိုင်များတွင် အဓိကထား သုံးစွဲကြပါသည်။ ထိုသို့ ဖြေလျှော့ခဲ့သော်လည်း အဆိုပါ ကြက် ၂ မျိုး တင်ပို့နိုင်သည့် ပမာဏမှာ မပြောပလောက်ချေ။

မလေးရှားနိုင်ငံမှ စင်ကာပူနိုင်ငံသို့ ကြက်သားတင်သွင်းမှု၏ အကြီးမားဆုံးအစိတ်အပိုင်းဖြစ်သည့် စီးပွားဖြစ် အသားစားကြက်သားကို ပြည်ပတင်ပို့မှု တားမြစ်ပိတ်ပင်ထားဆဲဖြစ်သည်။ ကုန်ဈေးနှုန်းများ ကြီးမြင့်နေသည့်ကြားတွင် ကြက်ဈေးနိမ့်ကျနေစေရန် အစိုးရကကြားဝင်ပြီး အရှုံးခံပေးသည့် ထောက်ပံ့ငွေအတွက် ရင်းဂစ်သန်း ၇၂၀ သုံးစွဲခဲ့ပါသည်။ ကြက်သားထုတ်လုပ်မှုစရိတ်သက်သာစေရန် ကြက်စာအတွက်ထောက်ပံ့ကြေးများပေးအပ်သည်ကို ဇူလိုင် ၁ ရက်မှ စ၍ ရပ်ထားလိုက်ပါသည်။

အစိုးရက ထောက်ပံ့ကြေးများ ပေးအပ်ခြင်း၊ ကြက်သားအများဆုံးဈေးနှုန်းပြဋ္ဌာန်းခြင်းများအပြင် ကြက်သား တင်သွင်းရန် သွင်းကုန်ပါမစ် လိုအပ်ခြင်းကို ဖျက်သိမ်းလိုက်ပြီး လွတ်လပ်စွာ တင်သွင်းခွင့် ပေးအပ်ခဲ့ပါသည်။

ကြက်သား တင်ပို့မှု စတင်ပိတ်ပင်ခဲ့ချိန်မှ နှစ်လအကြာတွင် ပြည်တွင်းဈေးကွက်တွင် ကြက်သား ပိုလျှံလာသည်။ အစိုးရသတ်မှတ်သည့် ဈေးနှုန်းထက်နည်းနေသည့် ဈေးနှုန်းများဖြင့် ရောင်းချနေကြသည်။ သို့ဖြစ်ရာ ကြက်သားကို ပြည်ပတင်ပို့နိုင်သည့် အနေအထားသို့ ရောက်ရှိနေသည်။

သို့သော် ကြက်သားတင်ပို့သည့် ကြက်မွေးမြူရေးလုပ်ငန်းများသည် ပြည်ပပို့ရန်အတွက် မွေးမြူထားသောကြက်များကိုသာ တင်ပို့ရမည်ဖြစ်ပြီး ပြည်တွင်းဈေးကွက်ထဲမှ ကြက်များကို တစ်နည်းနည်းဖြင့်ရယူပြီး ပြည်ပသို့ တင်ပို့ခြင်းမပြုရပေ။

**Source: straittimes**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4938-malaysia-chicken.html

## STOCK EXCHANGE (5.9.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Sep. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +1,000 | +12.82% | 8,100 | 8,800 | 8,100 | 8,541 | 72,620,800 | 33,109,694 | 291,365 |
| MTSH | 00002 | 3,500 | +500 | +16.67% | 3,150 | 3,500 | 3,150 | 20,468 | 67,495,400 | 38,929,150 | 136,252 |
| MCB | 00003 | 7,500 | +400 | +5.63% | 7,500 | 7,500 | 7,500 | 56 | 420,000 | 10,400,986 | 78,008 |
| FPB | 00004 | 19,500 | +1,000 | +5.41% | 19,000 | 19,500 | 19,000 | 1,170 | 22,470,000 | 2,472,053 | 48,205 |
| TMH | 00005 | 2,500 | +50 | +2.04% | 2,500 | 2,550 | 2,500 | 1,043 | 2,615,000 | 12,823,224 | 32,058 |
| EFR | 00006 | 2,700 | +100 | +3.85% | 2,550 | 2,700 | 2,550 | 2,104 | 5,585,650 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 1,148 | 5,740,000 | 10,497,598 | 52,488 |


## Market summary

As of 5th Sep. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 397.97 | +35.55 | +9.81% | 371.85 | 397.97 | 371.85 | 34,530 | 176,946,850 | 7 | 692,315 |

### Index chart




TIR